**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**

စာအမှတ် ၊(သစ်တော)၄(၁)/၀၄(က)/(၂၁၂၅/၂၀၂၀)
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၃ ရက်

အကြောင်းအရာ။ **မြန်မာနိုင်ငံ၏ တရားဝင်သစ်ဖြစ်ကြောင်း အထောက်အထားများဆိုင်ရာ ကြေညာချက်ထုတ်ပြန်ခြင်းကိစ္စ**

၁။ ၂၀၁၆-၂၀၁၇ ခုနှစ်မတိုင်မီ ထုတ်ခဲ့သည့်သစ်များကို မူရင်းဒေသ နောက်ကြောင်းပြန်ခြေရာခံရန် အခက်အခဲရှိသည့်အတွက် ၂၀၁၇-၂၀၁၈ ခုနှစ်နှင့်နောက်ပိုင်း ထုတ်သည့်သစ်များ ငုတ်ရင်းအထိ နောက်ကြောင်းပြန်ခြေရာခံခြင်းကို ပိုမိုရှင်းလင်းသည့် နည်းစနစ်များဖြင့် ဆောင်ရွက်နိုင်ပါကြောင်းနှင့် ထို့သို့ နောက်ကြောင်းပြန်စစ်ဆေးရာတွင် အထောက်အပံ့ဖြစ်စေရန် QR Code စနစ်ကိုလည်း စမ်းသပ်အကောင်အထည်ဖော်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံ သစ်တောထောက်ခံချက်ပြုရေးကော်မတီ (Myanmar Forest Certification Committee-MFCC) က ရေးဆွဲလျက်ရှိသည့် Forest Certification Scheme အရ Certified Forest နှင့် Certified Plantation များ သတ်မှတ်နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာနိုင်ငံ တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ် (Myanmar Timber Legality Assurance System-MTLAS) အရ တရားဝင်သစ်ဖြစ်ကြောင်း သက်သေပြခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းတို့ကို အာဆီယံနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

၃။ EUTR အရ သစ်ထုတ်တင်ပို့ခြင်းဆိုင်ရာ သတင်းအချက်အလက်များ ပွင့်လင်းမြင်သာစွာရရှိရေး၊ သစ်ဝယ်ယူသည့်နိုင်ငံများမှ သိရှိနားလည်စေရေးအတွက် တရားဝင်သစ်ဖြစ်မှုဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ကောက်နုတ်စုစည်း၍ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်းကိုလည်း FAO-EU FLEGT Programme ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံက ရောင်းချသည့်သစ်များသည် တည်ဆဲဥပဒေများအရ တရားဝင်ဖြစ်ကြောင်း နောက်ကြောင်းပြန်စစ်ဆေးနိုင်မည့် အထောက်အထား (၁၄) ခုကို ထုတ်ပေးမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ သစ်ဝယ်ယူတင်သွင်းသူ EU သစ်ကုန်သည်များကလည်း EUTR ကို အပြည့်အဝ လိုက်နာသည့်အနေဖြင့် EUTR သတ်မှတ်ချက်နှင့်ကိုက်ညီသည့်သစ်များကို စိစစ်ဝယ်ယူ တင်သွင်းကြရန် အသိပေးအပ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ဤ **"မြန်မာနိုင်ငံ၏ တရားဝင်သစ်ဖြစ်ကြောင်း အထောက်အထားများဆိုင်ရာ ကြေညာချက်"** ကို ပွင့်လင်းမြင်သာစွာဖြင့် ထုတ်ပြန်လိုက်ပါသည်။

၇-၁၀-၂၀၂၀

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(ကျော်ဇော၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံ၏ တရားဝင်သစ်ဖြစ်ကြောင်း အထောက်အထားများဆိုင်ရာ ထုတ်ပြန်ကြေညာချက်

**(၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၃ ရက်)**

၁။ မြန်မာနိုင်ငံ၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စဉ်ဆက် မပြတ် ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို နိုင်ငံတော်ကိုယ်စား ဆောင်ရွက်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအား လုပ်ပိုင်ခွင့် အပ်နှင်းထားပြီး သစ်တောသယံဇာတများ စီမံအုပ်ချုပ်ခြင်းကို သစ်တောဦးစီးဌာနကလည်းကောင်း၊ သစ်ထုတ်လုပ်ရောင်းချမှုများကို မြန်မာ့သစ်လုပ်ငန်း ကလည်းကောင်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်း များနှင့်အညီ ဖော်ဆောင်လျက်ရှိပါသည်။

၂။ ပုဂ္ဂလိကသစ်လုပ်ငန်းရှင်များသည် မြန်မာ့သစ်လုပ်ငန်းက ထုတ်လုပ်ရောင်းချသော တရားဝင် သစ်များကို ဝယ်ယူပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွဲစိတ်ပြုပြင်၍ ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ပြည်ပသို့ တရားဝင် တင်ပို့နေခြင်းဖြစ်ပါသည်။

၃။ နိုင်ငံတကာသို့ သစ်ကုန်သွယ်မှုပြုရာတွင် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ထုတ်လုပ်တင်ပို့သော **တရားဝင်သစ်ဖြစ်ကြောင်း**ကို သက်သေပြ နိုင်သည့် ပြည့်စုံလုံလောက်သော အောက်ပါအထောက်အထား (၁၄) ခုကို သစ်တောဦးစီး ဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့က ထောက်ပံ့ ပေးလျက်ရှိပါသည်-

| စဉ် | အထောက်အထား | ထုတ်ပေးသည့်ဌာန |
|---|---|---|
| (က) | သစ်စက်သို့သစ်လုံးများရောက်ရှိကြောင်း အထောက်အထား | သစ်တောဦးစီးဌာန |
| (ခ) | ခွဲစိတ်ခွင့်ပြုမိန့် | သစ်တောဦးစီးဌာန |